**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဥပဒေရေးရာဝန်ကြီးဌာန**

**ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန**

စာအမှတ်၊ ၄ ( ၄ ) / ၁ - ၂ ( ၅၀ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ ၁၂ ရက်

အကြောင်းအရာ။ **ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများစာအုပ် နှင့် ၂၀၂၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများ စာအုပ် (၂)အုပ်အား ပုံနှိပ်ထုတ်ဝေရန်အတွက် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန်ကိစ္စ**

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများစာအုပ်နှင့် ၂၀၂၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများ စာအုပ်(၂)အုပ်အား ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းအဆိုပြုလွှာများကို ၁၉ - ၉ - ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံနှိပ်မည့်စာအုပ် ၈.၃ လက်မ x ၁၁.၇ လက်မ ( A4 စာအုပ်အရွယ်)

(ခ) စာမျက်နှာ (၁) **ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများစာအုပ်** (၇၀) မျက်နှာ (ကာလာဓာတ်ပုံ စာရွက် (၂)ရွက်နှင့် ရေခံ (၂)ရွက်အပါ)

(၂) **ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများစာအုပ်** (၈၀) မျက်နှာ (ကာလာဓာတ်ပုံ စာရွက် (၃) ရွက်နှင့် ရေခံ (၂) ရွက်အပါ)

(ဂ) အတွင်းသားစက္ကူ ဝူဖရီအင်ဒိုနီးရှား (၈၀) ဂရမ် (I-K အမှတ်တံဆိပ်)၊

(ဃ) အဖုံးစက္ကူ Art card (၃၅၀ ဂရမ်)၊ (ပလက်စတစ်လောင်း၊ တစ်ဖက်အပြောင်)

(င) စာအုပ်အရေအတွက် အုပ်ရေ ( ၅၅၀ )စီ၊ နှစ်မျိုး စုစုပေါင်းအုပ်ရေ (၁၁၀၀)

(စ) စာအုပ်ချုပ်ပုံ စက်ကော်ကပ်ချုပ်၊ Art card၊ ပတ်ဖုံး

(ဆ) သတ်မှတ်ချက် ဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ဝေခဲ့သော စာအုပ်များကို ယခင်က ပုံနှိပ်ခဲ့ဖူးသူဖြစ်ပါက စာအုပ်ပုံနှိပ်အပ်နှံရာတွင် စရန်ငွေတစ်ဝက်ပေးမည်ဖြစ်ပြီး ပုံနှိပ်တိုက်အသစ်ဖြစ်ပါက စာအုပ်များကို အရည်အသွေးပြည့်မီစွာ အပ်နှံလက်ခံရရှိပြီးမှသာ ကျသင့်ငွေအားလုံးကို ပေးချေမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (ဇ) | ဖလင် | ဥပဒေရေးရာဝန်ကြီးဌာနက ဖလင်ရိုက်ရန် စာမူ Hard Copy နှင့် Soft Copy ပေးမည်ဖြစ်ပြီး နမူနာစာအုပ် ၅ အုပ်စီကို ကနဦးထုတ်ပေးရမည်။ နမူနာစာအုပ်များကို စိစစ်ပြီး ပြင်ဆင်ရန်ရှိသည်များကို ထပ်မံပြင်ဆင်ပြီးသည့် Hard Copy နှင့် Soft Copy တို့ကိုသာ ပုံနှိပ်ပေးရမည်ဖြစ်သည်။ ပုံနှိပ်ပြီးသည့် ဖလင်အားလုံး၊ Hard Copy နှင့် Soft Copy တို့ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ အခမဲ့ **အမြန်** ပြန်လည်ပေးအပ်ရမည်။ |
| (ဈ) | တာဝန် | (၁) ပုံနှိပ်တိုက်များသည် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းချိန်တွင် ပုံနှိပ်ထုတ်ဝေခွင့် သက်သေခံအထောက်အထားနှင့်အတူ မိမိတို့အသုံးပြုမည့် မျက်နှာဖုံးစာရွက်၊ အတွင်းသားစက္ကူများကို နမူနာအဖြစ် လက်မှတ်ရေးထိုးတင်ပြရမည်။<br>(၂) ဈေးနှုန်းတင်သွင်းလွှာပါ စာအုပ်အရေအတွက်ထက် ပိုမိုပုံနှိပ်ခြင်းမပြုကြောင်း ဝန်ခံကတိပြုလွှာ ပူးတွဲတင်ပြရမည်။<br>(၃) အသုံးပြုမည့် နမူနာစာရွက်၊ ကတိဝန်ခံချက်နှင့် အနည်းဆုံးဈေးနှုန်းတင်သွင်းလွှာတို့ကို ချိတ်ပိတ်၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ အမြန်ချောပြင့်ဖြစ်စေ၊ သင့်ရာနည်းဖြင့်ဖြစ်စေ ပေးပို့ရမည်။<br>(၄) ပုံနှိပ်ထုတ်ဝေရန် လုပ်ငန်းလက်ခံရရှိပါက မိမိတို့တင်သွင်းခဲ့သည့် နမူနာပါစက္ကူအမျိုးအစားအတိုင်း စာအုပ်များကို ပြုလုပ်ပေးရမည်။<br>(၅) စာအုပ်ထုတ်ဝေရေးကော်မတီက သတ်မှတ်ပေးသည့် အရေအတွက်အတိုင်း စာအုပ်များကို ဥပဒေရေးရာဝန်ကြီးဌာနသို့ မိမိစရိတ်အစီအစဉ်ဖြင့် အရောက်ပေးပို့ရမည်။ |

၃။ ပုံနှိပ်တိုက်များက တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများထဲမှ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အနည်းဆုံးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးနိုင်မည့် ပုံနှိပ်တိုက်ကို ရွေးချယ်မည်ဖြစ်ပါသည်။

၄။ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဖုန်း ၀၆၇-၃၄၀၄၁၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမိန့်အရ

(signature) ၁၁-၉-၂၅

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဝင်းမောင်၊ ညွှန်ကြားရေးမှူး)

-------------------- ပုံနှိပ်တိုက်

-------------------------------

မိတ္တူကို-

- ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန

ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်စာကို ဥပဒေရေးရာဝန်ကြီးဌာန Website တွင် လွှင့်တင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ဥပဒေရေးရာဝန်ကြီးဌာနကြော်ငြာသင်ပုန်း

ဂိုထောင်တာဝန်ခံ (ဌာန ၄ (၄))

ငွေစာရင်းတာဝန်ခံ (ဌာန ၄ (၄))

ရုံးလက်ခံ

မျှောစာတွဲ